**ထုတ်ပြန်ကျေညာချက်**
**သျှမ်းပြည်စစ်ဘေးရှောင်ကော်မတီ(ထိုင်းနယ်စပ်)**
**၂၀၂၂ ခုနှစ် ဧပြီလ (၂) ရက်နေ့**

# မြန်မာစစ်တပ်၏ထိုးစစ်ဆင်တိုက်ခိုက်မည်ဟူသောခြိမ်းခြောက်မှုကြောင့် သျှမ်းစစ်ဘေးရှောင်ဒုက္ခသည်(၆,၀၀၀)ကျော်စိုးရိမ်ထိတ်လန့်

မြန်မာ-ထိုင်းနယ်စပ်တလျှောက်ရှိသျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/သျှမ်းပြည်တပ်မတော်(RCSS/SSA) ၏တပ်စခန်းများအား မြန်မာစစ်တပ်မှ ထိုးစစ်ဆင်တိုက်ခိုက်မည်ဟုပြောဆိုပြီးနောက်ပိုင်း သျှမ်းပြည်စစ်ဘေး ရှောင်ကော်မတီ (ထိုင်းနယ်စပ်)အနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ရှိသျှမ်းစစ် ဘေးရှောင်ဒုက္ခသည်(၆,၀၀၀)ကျော်၏လုံခြုံရေး အတွက်စိုးရိမ်ပူပန်နေရပါသည်။

၂၀၂၂ခုနှစ်မတ်လ(၃၀)ရက်နေ့က မြန်မာ-ထိုင်းနယ်ခြားကော်မတီ (တာချီလိတ်ရုံး) မှ ထိုင်းဘက်ရှိနယ်ခြားကော်မတီ(မယ်ဆိုင်ရုံး)ထံစာပို့အ ကြောင်းကြားရာတွင် မြန်မာစစ်တပ်မှ သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/သျှမ်းပြည်တပ်မတော်(RCSS/SSA)သည်အာဏာသိမ်းစစ်ကောင်စီအားဆန့်ကျင်ဆန့်ဆန္ဒပြပြည်သူလူထုဘက်မှရပ်တည်ထောက်ခံသောကြောင့် ၎င်းတို့၏ထိုင်းနယ်စပ်တလျှောက်ရှိ အခြေစိုက်တပ်စခန်းများ ကိုထိုးစစ်ဆင်တိုက်ခိုက်မည်ဖြစ်ကြောင်းပါရှိသည်။

အဆိုပါစာထဲတွင် နှစ်နိုင်ငံအကြားဆက်ဆံရေးမထိခိုက်ပျက်ပြား စေရန် မြန်မာစစ်တပ်မှထိုင်းနယ်မြေအတွင်းသို့ မည်သည့်လက်နက် ကျည်မှျကျရောက်စေမည်မဟုတ်ကြောင်းပါရှိသော်လည်း RCSS/SSA ၏ အခြေစိုက်စခန်းများသည် မြန်မာ-ထိုင်းနယ်စပ်ချင်းရိုင်း၊ ချင်းမိုင်၊ မယ်ဟောင်ဆောင်ခရိုင်တို့နှင့်နယ်မြေချင်းဆက်စပ်လျက်ရှိသည်။

မြန်မာစစ်တပ်၏တိုက်ခိုက်လာနိုင်ချေရှိသည့်သတင်းကြောင့် မြန်မာ-ထိုင်းနယ်စပ် သျှမ်းစစ်ဘေးရှောင်ဒုက္ခသည်စခန်း(၅)ခုရှိ စစ်ဘေး ရှောင်ဒုက္ခသည်များလည်းစိုးရိမ်ထိတ်လန့်နေကြရသည်။ ၎င်းစစ်ဘေး ရှောင်ဒုက္ခသည်များတွင် အများစုသည်ကလေးသူငယ်များနှင့်အမျိုးသ မီးများဖြစ်ကြသည်။ ၎င်းစစ်ဘေးရှောင်ဒုက္ခသည်စခန်းများသည်တောင် ကြောများပေါ်တွင်တည်ရှိကြပြီး မြန်မာစစ်တပ်စခန်းများနှင့်လည်းနီး ကပ်စွာတည်ရှိပြီး စစ်တပ်၏လက်နက်ကြီးကျည်များကျ ရောက်ပေါက်ကွဲနိုင်သောကြောင့် စစ်ဘေးရှောင်ဒုက္ခသည်များသည် ၎င်း တို့၏လုံခြုံရေးအတွက်စိုးရိမ်နေရပါသည်။ လတ်တလောတွင် ကရင်ပြည် နယ်၌မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် လူထုထိခိုက်မှုရှိ သည့်အတွက်ကြောင့်စိုးရိမ်မှုပိုမိုမြင့်တက်လျက်ရှိသည်။

အကယ်၍မြန်မာစစ်တပ်မှထိုးစစ်ဆင်တိုက်ခိုက်မှုရှိလာပါက စစ်ဘေးရှောင်ဒုက္ခသည်များမှလက်နက်ကြီးကျည်များဘေးအန္တရာယ်ကာ ကွယ်ရေးအတွက်ဖုံးခိုကျင်းများအပါအဝင်ပြင်ဆင်နေကြရပြီး စစ်ဘေး ရှောင်ကော်မတီမှလည်းလိုအပ်သောကြိုတင်ပြင်ဆင်မှုများဆောင်ရွက် နေပါသည်။ သို့ရာတွင်တိုက်ပွဲများပြင်းထန်လာပါက စစ်ဘေးရှောင်တို့၏ လုံခြုံမှုအတွက်ထိုင်းနိုင်ငံဘက်သို့ပြောင်းရွှေ့ရမည်။

သျှမ်းပြည်စစ်ဘေးရှောင်ကောင်မတီ(ထိုင်းနယ်စပ်)မှ ထိုင်းအစိုးရ အား မြန်မာစစ်တပ်၏ဘေးရန်ရှောင်ပြည်သူများအတွက်နယ်စပ်ဖြတ် ကျော်၍ထိုင်းနိုင်ငံအတွင်းဝင်ရောက်ရှောင်တိမ်းနိုင်ရေး၊ လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုပေးနိုင်ရေးတို့အတွက်ခွင့်ပြုပေးပါရန် တောင်းဆိုအပ်ပါသည်။



*IDPs preparing bunkers in case of Burma Army attacks as of April 1, 2021 (Photos: SSRC)*




*Map showing Shan camps along southern Shan State-Thai border*

သျှမ်းပြည်စစ်ဘေးရှောင်ကော်မတီ(ထိုင်းနယ်စပ်)သည် မြန်မာ-ထိုင်းနယ်စပ်စစ်ဘေးရှောင်ဒုက္ခသည်စခန်း(၆)ခုမှ စုပေါင်းဖွဲ့စည်းထား သောကော်မတီဖြစ်သည်။

**ဆက်သွယ်ရန်-**


| | | |
|---|---|---|
| စိုင်းလျန်း | +66 86-188-9827 | (Shan, English, Burmese) |
| စိုင်းပိန်း | +66 88-776-7107 | (Shan) |
| နန်းဟွမ် | +66 61-545-0655 | (Shan, Thai) |